VIEW

# ပျိုး
ကလောင်ခွဲ
# ဝ
# ချိုး
အနီးဆုံး



DESIGN THEIN SHWE KYI

# အခန်း (၁)

ဆင်ဝင်အောက်မှာ ကားလေးကို ထိုးရပ်ပြီး သူ ဧည့်ခန်းထဲ လှမ်းအဝင်မှာ ပဲ ရင်ဆိုင်တိုးတာ ထမင်းချက် ဒေါ်နီနှင့် ဖြစ်သည် ။

''ဟိုက အခုပဲ ပြန်ရောက်တာ စေရာရေ၊ အခြေအနေကတော့ ကောင်းမှာ မဟုတ်ဘူး ။ တက္ကစီနဲ့ ပြန်လာရလို့ တဲ့ ဒေါသတွေ ကြီးနေတယ်''

''ကျွန်တော့်ကား လမ်းမှာ ဒုက္ခပေးလို့ ဒေါ်နီရဲ့ ၊ လေဆိပ်ရောက်တော့ ဆယ်မိနစ်လောက်ပဲ နောက်ကျသွားတာ''

သူရှင်းပြတာကို ဒေါ်နီက နားလည်စွာ ခေါင်းညိတ်နားထောင်ပေးရင်း -

'' အေး အေး၊ မင်းဘာသာ နားဝင်အောင် ရှင်းပြတော့ကွယ်၊ အပေါ်ထပ်က အခန်းထဲမှာ ရှိနေတယ်''

'' ဟုတ်ကဲ့၊ ကျွန်တော် သွားလိုက်မယ်နော်''

ပြောပြီး လှေကားထစ်တွေအတိုင်း သူ အပြေးတက်လာတော့ ဒေါ်နီက စိုးရိမ်ပူပန်စွာ လှမ်းသတိပေးသေးသည် ။

''ဟဲ့ ဟဲ့ ဖြည်းဖြည်းတက်ပါ စေရာရယ်၊ မင်းကတော့ အပြစ်တွေ တစ်ရစ်ပြီးတစ်ရစ် တိုးတော့မှာ ပဲ၊ မင်းခြေသံတွေကို ပင်တိုင်စံက သေချာပေါက်ကြားမှာ ''

အပြေးလှမ်းတက်မိသော ခြေလှမ်းတွေကို တွန့်ခနဲ ပြန်ထိန်းရင်း သူ

တစ်လှမ်းချင်းပဲ ဆက်တက်ခဲ့သည် ။

လှေကားထိပ်ဆုံးအခန်းသည် မမရဲ့ သီးသန့်ဧည့်ခန်းတစ်ခုဟု သူ သိထားသည် ။ မှန်တံခါး ကြီးက စေ့ရုံစေ့ပိတ်ထားတာ သူသိပေမဲ့ ညင်သာစွာ နှစ်ချက်ခေါက်ပြီး အသံပေးမိ၏။

''ဝင်ခဲ့ ပိတ်မထားဘူး''

အသံက ချိုမြပေမဲ့ မာဆတ်ပြီး အမိန့်သံအပြည့်ပါသည် ။ ရင်ဆိုင်ဖို့ သတ္တိတွေတောင် လွင့်ပြေး ကုန်သည် ။ ဒါပေမဲ့ မမြင်တွေ့တာကြာပြီဖြစ်သော မမရဲ့ မျက်နှာကို မြင်ချင်လှသည် ။

မှန်တံခါးကို တွန်းဖွင့်ဝင်ခဲ့တော့ ကျောမှီဆိုဖာထိုင်ခုံကြီးမှာ ခြေချိတ်ထိုင်နေသော မမ အကြည့်စူးစူးတွေကြောင့် တွန့်ခနဲ ဖြစ်သွားစေ၏။

ပန်းနုရောင်ဂါဝန်ရှည်ပွပွကြီးနှင့် ချိတ်ထားသော ဒူးတစ်ဖက်ပေါ် လက်နှစ်ဖက် သိုင်းယှက် တင်ထားသော မမအသွင်က သက်သောင့်သက်သာလေးပဲဖြစ်သည် ။ သူ့မှာ သာ ဆရာမရှေ့ရောက်နေ သော အပြစ်ရှိကျောင်းသားငယ်လေးလို ခပ်ရွံ့ရွံ့ဖြစ်နေခဲ့၏။

ပခုံးဝဲသာသာခန့်သာရှည်သော ဆံပင်နီညိုရောင်တွေကို ဇက်ပိုးအနောက်မှာ စုသိမ်းထားတာ မို့ မမမျက်နှာအလှလေးက ရှင်းလင်းကြည်သန့်နေခဲ့သည် ။

အစက်အပြောက်ကင်းစင်သော မျက်နှာလေးက ဝင်းမွတ်စင်ကြယ်နေ၏။ နဖူးပြင်လေးက ပြေပြေလေးဖြစ်ကာ မျက်ခုံးတန်းတန်းလေးက ဆေးကူစရာမလိုပါဘဲ စင်းတန်းပေါ်လွင်နေတာမျိုး။

မျက်တောင်ကော့ကြီးတွေ အုပ်မိုးထားသော မျက်နက်ဝန်းအစုံက ကြည်လင်တောက်ပ နေသည် ။

နှာတံစင်းစင်းလေးက အချိုးကျပြီး နှုတ်ခမ်းသားလေးက ပန်းသွေးရောင် ပြေးနေ၏။ နှုတ်ခမ်းသားလေးက ပန်းသွေးရောင် ပြေးနေ၏။

မမရဲ့ အလှတရားတွေက အပြစ်ဆိုစရာမရှိအောင် ဆုတောင်းကောင်းခဲ့သည် ဟု သူအကြိမ် ကြိမ် မှတ်ချက်ချဖူးခဲ့သော အလှမျိုး ဖြစ်၏။

''မင်းဘာရပ်လုပ်နေတာလဲ စေရာ၊ ထိုင်ခုံတွေက ထိုင်ဖို့ နော်''

''ဗျာ၊ ဟုတ်ကဲ့''

သတိလက်လွတ် ငေးနေမိသော သူ မမစကားကြားမှ ပဲ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင် လိုက်မိသည် ။ အခုချိန်ထိ တစ်ချက်လေးတောင် အပြုံးပွင့်လေး ရှားပါးလွန်းနေသော မမကို သူ ဘာပြောရမှန်းမသိ ဖြစ်နေသည် ။

မမရဲ့ အကြည့်စိန်းစိန်းတွေကို ခံယူရင်ဆိုင်ရင်း ကြာရှည်စွာ ထိုင်နေရတာကိုလည်း သူ ရင်မဆိုင်ရဲတာမို့။

''မမကို ကျွန်တော် တောင်းပန်ပါတယ်''

မဲ့ခနဲ တစ်ချက်တွန့်လိုက်သော နှုတ်ခမ်းတွေကြောင့် သူ ပိုလို့ စိုးရိမ်သွားခဲ့သည် ။ မမရဲ့ ဒေါသတွေကို သိနေသည့် သူ ထိုဒေါသတွေကိုတော့ သိပ်ကြောက်ပါသည် ။

''ဒါတောင်းပန်ရမယ့်ကိစ္စမဟုတ်သလို ကျေနပ်ရမယ့်ကိစ္စလည်း မဟုတ်ဘူး စေရာ၊ မင်း ဘက်က ချို့ယွင်းချက်ကြောင့် လေယာဉ်ကွင်းမှာ ငါ တော်တော် ဒုက္ခရောက်သွားတယ်''

''ဟို ကျွန်တော်''

''တို့ စကားမဆုံးသေးခင် ဖြတ်ပြောတာ မကြိုက်ဘူးနော် စေရာ''

ဒေါသသွေး နည်းနည်းထင်လာသော မမမျက်နှာက ပန်းသွေးရောင် လွှမ်းချင်လာ၏။ သူ ခေါင်းတစ်ချက်ညိတ်ကာ မမ စကားတွေကို နာခံနားထောင်နေလိုက်သည် ။

''တို့ မင်းကို ငါးမိနစ်တိတိ စောင့်သေးတယ် စေရာ၊ ရောက်မလာတဲ့ အဆုံးမှ တက္ကစီငှားပြီး ပြန်ခဲ့ရတာ၊ ကဲ မင်းဘက်က အကြောင်းပြချက် ကို ပြောလို့ ရပြီ''

ချိတ်ထားသော ခြေထောက်တစ်ဖက်ကို ပြန်ချရင်း မမ ပြောသည် ။ မျက်ဝန်းတွေထဲမှာ အခုချိန်ထိ အပြုံးရိပ်တို့ က ကင်းစင်နေဆဲဖြစ်သည် ။

''ကျွန်တော် မမကိုကြိုဖို့ တစ်နာရီလောက် စောထွက်ခဲ့တာပါ၊ မမျှော်လင့်ဘဲ လမ်းမှာ ကား စက်ရပ်သွားတာ၊ အချိန်ကလည်း အတော် လိုသေးတော့ ဂပ်ရှောခ့်ကို ဖုန်းဆက်ခေါ်ပြီး ကြည့်ခိုင်း တယ်၊ ဂပ်ရှော့ခ် က ကိုဇော်ကြီးက နာရီဝက်အတွင်း ပြင်ဆင်ပြီးမယ်လို့ ကတိပေးတယ်၊ ဒါပေမဲ့ တကယ်တမ်းကျ နာရီဝက်ကျော်တဲ့ အထိ မပြီးဘူး ဖြစ်နေတယ် ၊ ကျွန်တော့်အတွက် ကိုဇော်ကြီးက ဂပ်ရှော့ခ်က သူ့တပည့်တစ်ယောက် ကို ကားတစ်စီး ယူခဲ့ခိုင်းတယ်၊ အဲဒီကားနဲ့ ကျွန်တော် လေယာဉ် ကွင်း လာခဲ့တာပါ၊ ဆယ်မိနစ်လောက်ပဲ နောက်ကျသွားတာ''

စကားဖြတ်ပြောတာ မကြိုက်သော မမက သူ့စကားတွေကိုလည်း အဆုံးသတ်အောင် နားထောင်ပေးပါသည် ။ ဒါပေမဲ့ မမျက်နှာပေါ်မှာ သူ့ဖြေရှင်းချက်တွေကို လက်ခံကျေနပ်ပုံမရှိပါ။

''အဲဒါ မင်းဘက်က အကြောင်းပြချက်လေ၊ တို့ က မင်းမလာမချင်း လေယာဉ်ကွင်းမှာ ငုတ်တုတ်ထိုင်စောင့်နေရမှာ လား စေရာ''

'' မဟုတ်ဘူး မမ၊ ကျွန်တော် အကြောင်းပြတာ မဟုတ်ပါဘူး၊ အမှန်

အတိုင်း ရှင်းပြတာပါ''

''ဟုတ်ပါပြီ၊ မင်းဘက်က မှန်သလို၊ တို့ ဘက်ကတော့ မြန်မာပြည်ပြန်ရောက်ရောက်ချင်း အတော်ကသိကအောက် ဖြစ်သွားတယ်၊ မင်းကို လေယာဉ်ကွင်းလာကြိုခိုင်းမိတာကိုက တို့ မှားသွား တာ''

''ဟာ ဒီလိုမပြောပါနဲ့ မမရယ်၊ မမ ပြန်လာမယ်ဆိုကတည်းက ကျွန်တော် အရမ်းပျော်နေတာ၊ မမကို မနက်ဖြန် လေယာဉ်ကွင်း သွားကြိုရမယ်ဆိုတဲ့ အတွေးနဲ့ ညက ကျွန်တော် အိပ်လို့ တောင် မပျော်ပါဘူး''

သူ့စကားကို လှောင်သလို တစ်ချက်မဲ့ကာ မမ ထရပ်သည် ။ အကြည့်တွေက သူ့ဆီက ရှောင်ထွက်မသွားသေးဘဲ-

''အပေါ်ယံ လျှာဖျားပေါ်က စကားတွေနဲ့ မင်းတို့ ကို ချွဲနွဲ့တောင်းပန်ပြမနေနဲ့ စေရာ၊ မင်း ဘက်က ပျက်ကွက်ခဲ့တာ အမှန်ပဲလေ၊ ဒါကို မင်း ဝန်ခံသင့်တယ်''

''ကျွန်တော် မငြင်းပါဘူး မမ၊ အဲဒီအတွက် တောင်းပန်ပါတယ်''

''ဟုတ်ပြီ၊ တောင်းပန်တာကို တို့ လက်ခံတယ်၊ ဒါပေမဲ့ မင်းဒီလို အလေးမထားမှုတွေ မကြာခဏ ဆက်ဖြစ်နေမယ်ဆိုရင် တို့ လက်ခံမှာ မဟုတ်ဘူး နော်''

''ဟင်''

မမရဲ့ ခြိမ်းခြောက်စကားတွေအတွက် သူ့မျက်နှာက ဟန်မဆောင်နိုင်လောက်အောင်ဘဲ ပျက်ယွင်းသွားခဲ့သည် ။

"မမျှော်လင့်တဲ့ ကံကြမ္မာကြောင့် ဖြစ်သွားတဲ့ အခါ မမရယ်"

"တော်စမ်း စေရာ၊ ကံကြမ္မာကို အပြစ်ပုံချတတ်တဲ့ ခပ်ညံ့ညံ့လူတွေ

ကို ငါဘယ်တော့မှ အထင်မကြီးပါဘူး၊ အခိကက ဒီကိစ္စမှာ မင်းအလုပ် ရည်ရွယ်ချက်က ငါ့ကို လာကြိုတာလေ၊ ဒါကို ဘာအကြောင်းပြချက်နဲ့မှ မင်းမလွှဲချော်သင့်ပါဘူး၊ ထားတော့ ဒီကိစ္စကို ငါမေ့ပစ်လိုက်မယ်၊ မင်း ပြန်တော့ စေရာ"

''ဗျာ ဟို ဒီနေ့ မမကို ကျွန်တော် မနက်စာကျွေးမွေးဖို့ ခွင့်တောင်းခဲ့ပြီးသားလေ''

မမက လေဆိပ်ကို လာကြိုပေးဖို့ စေခိုင်းကတည်းက မမကို မနက်စာကျွေးဖို့ သူ တောင်းဆို ခဲ့သည် ။ မမကလည်း ခွင့်ပြုလက်ခံခဲ့သည် ။ အခုမှ မမ ဘာကြောင့် ငြင်းဆန်မေ့ပစ်ခဲ့ရတာလဲ။

''တို့ အပြင်ပြန်မထွက်ချင်တော့ဘူး စေရာ၊ မင်းလာကြိုရင် တစ်ခါတည်း ရက်စတော့ရင့် တစ်ခုကို ဝင်မလို့ ပဲ''

''ဟို ကျွန်တော် အခု''

''တို့ အတော်ခရီးပန်းလာတယ် စေရာ၊ စိတ်ထဲမှာ လည်း ကသိကအောက်ဖြစ်နေတယ်၊ မင်း ပြန်တော့''

စကားအဆုံးမှာ မမက ပြတင်းတံခါးဆီ ကျောခိုင်းလျှောက်သွားခဲ့သည် ။ ဆံပင်တွေကို အဖြူ ရောင် မျှော့စည်းကြိုးလေးနှင့် ချည်နှောင်ထားသော မမရဲ့ ကုပ်သားဝင်းဝင်းလေးတွေကို သူ ငေးကြည့်မိ၏။ စွဲမက်စရာကောင်းအောင်လှသလို မမရဲ့ ထက်မြက်သောစိတ်ဓာတ်နှင့် မာထန်သော စိတ်ကလည်း ကြောက်စရာကောင်းမှန်း သူသိပါသည် ။

''မင်း ပြန်တော့လေ စေရာ၊ တို့ နားချင်နေပြီ''

လှည့်မကြည့်ဘဲ မမက သူ ထွက်မသွားသေးတာကို သိနေကာ ထပ်အမိန့်ပေးပြန်သည် ။ မမရဲ့ ဒေါသတွေ သူ ခန့်မှန်းမိသည် ။ မမ သူ့ကို စိ

တ်ဆိုးနေ၏။ မမစိတ်ဆိုးနေလျှင် မပြေတတ်တာ သူသိတာမို့ -

''မမ ကျွန်တော် မနက်ဖြန်လာခွင့်ရှိမလားဟင်''

''တို့ အားမှာ မဟုတ်ဘူး ''

''ဟို ဒါဆို မမကို ကျွန်တော် ဘယ်နေ့တွေ့နိုင်မလဲဟင်''

''အဲဒါတွေ ငါ မသိသေးဘူး စေရာ၊ သေချာတာကတော့ ဒီတစ်ပတ်လုံး ငါ အားမှာ မဟုတ် ဘူး၊ ကဲ မင်းသွားတော့ စေရာ''

သူ ဘာစကားမှ ပြန်မပြောနိုင်ဘဲ ထရပ်မိသည် ။ မမဒီထက် ပိုစိတ်ဆိုးသွားမှာ ကြောက် သည် ။ တစ်ပတ်အတွင်း မမကို တွေ့ခွင့်မရှိဆိုတာ မမက သူ့ကို ဒဏ်ခတ်ခြင်းဟု နားလည်သည် ။

ဒါကို သူ လွန်ဆန်ခွင့်မရှိပါ။ မမရဲ့ ပြတ်သားသောစိတ်ကို သူ သိထားခဲ့တာ ကြာပြီ။

''မမ''

မမမျက်နှာလေးကို တဒင်္ဂလောက် မြင်တွေ့ချင်စိတ်နှင့် သူခေါ်မိတော့ ချာခနဲလှည့်လာသော မမမျက်နှာမှာ စိတ်မရှည်နိုင်သောအရိပ်တွေ ရောင်စဉ်ဖြာနေ၏။

''ဟို ကျွန်တော် သွားတော့မယ်နော်''

ခေါင်းတစ်ချက် ဆတ်ပြတော့ ကြည့်မဝသောမျက်နှာလေးကို သူ ကျောခိုင်းလိုက်ရသည် ။

''သင့်စေရာ''

သူ့နာမည်ကို မမလှမ်းခေါ်တော့ သူ တုံ့ခနဲရပ်ကာ လှည့်ကြည့်မိ၏။ မမရဲ့ ဒေါသတွေ ပြေသွားမည်လား မျှော်လင့်မျက်ဝန်းတွေနှင့် သူ ကြ

ည့်မိ၏။

''မင်း တို့ ဆီ ဖုန်းလုံးဝမဆက်နဲ့ နော်''

''မမရယ် ရက်စက်လိုက်တာ''

အပြင်ထုတ် မညည်းညူရဲသော စကားလေးကိုပဲ သူ့ရင်ထဲက ညည်းမိသည် ။ လေးပင်နေ သော ခြေလှမ်းတွေနှင့် လှေကားထစ်တွေကို ဘယ်လိုဆင်းခဲ့မိသည် မသိ။

ဧည့်ခန်းထဲမှာ ဒေါ်နီလည်း မရှိပါ။ သူတစ်ယောက်တည်း လပ်ဟာသော ဝေဒနာခံစား မှုတွေနှင့် လျှောက်ခဲ့မိတာ ဖြစ်သည် ။

ဒီလောက်အထိ ရက်စက်တတ်သော မမကို အပြစ်မမြင်ရက်၊ မမုန်းရက်ဘဲ ချစ်နေခဲ့မိခြင်းက သူပဲ မိုက်မဲတာလား။

မမရယ် ဒီကောင့်ရင်ထဲကို မြင်တတ်ခဲ့ရင် -

# အခန်း(၂)

''အဲဒါနဲ့ မင်း တပ်ခေါက်ပြီး ပြန်လာရတယ်ဆိုပါတော့''

''အင်း''

လေးပင်စွာ ခေါင်းညိတ်ရင်း အင်းမိသော သူ့အဖြေကြောင့် နေရန်လှောင်သလို တစ်ချက် ရယ်သည် ။

''ဒါကြောင့် မင်းမျက်နှာကြီးက အစာငတ်နေတဲ့ လဒကြီးပုံပေါက်နေတာကိုး''

''အချစ်ငတ်နေတဲ့ လဒလေးလုပ်ပါကွာ''

နေ ရ န့်.စ က ားကို စိုးမိုးကပါ ဝင်လှောင်ပြီး သဘောကျစွာ ရယ်မောကြသည် ။ သူ့မှာ တော့ မရယ်နိုင် မပြုံးနိုင်နှင့် ခေါင်းကြီးငိုက်စိုက်ဖြစ်နေသည် ။

''စေရာရာ မင်းကိုကြည့်ပြီး ငါတို့ မခံနိုင်ဖြစ်တယ်၊ မိန်းမဒီလောက်မရှားပါဘူးကွာ''

''အေးလေ ကျောင်းမှာ တုန်းက မင်း တစ်ချက်ကြည့်လိုက်ရုံနဲ့ ကြွေသွားမယ့်မိန်းကလေးတွေ ဒီလောက်ဝိုင်းနေတာတောင် စိတ်မဝင်စားခဲ့တဲ့ ကောင်၊ အခု ကိုယ့်ထက် အသက်သုံးနှစ်လောက်ကြီး တဲ့ မိန်းမနဲ့ ကျမှ ဘယ်လိုဖြစ်ရတာလဲ''

ထုံးစံအတိုင်း မရိုးနိုင်သော ဝေဖန်ချက်တွေနှင့် နေရန်ရော စိုးမိုးပါ သူ့ကို ပစ်ပေါက်ကြတော့ သည် ။ သူ ဘာမှ မဖြေရှင်းဘဲ နှုတ်ဆိတ်ခြင်း နှင့် ပဲ တစ်ငုံမျှမသောက်ရသေးသော ချောကလက် မစ်ရှိတ်ခွက်ကို ငေးကြည့်နေမိသည် ။

''နေပါဦး စေရာ၊ မင်းမမက စင်ကာပူမှာ နှစ်လလောက်ရောက်နေ တာ အခုပြန်ရောက်လာ တာနဲ့ တောင် မကြာခင် စေ့စပ်လက်ထပ်တော့ မယ့် ခင်ပွန်းလောင်းကို ဆက်ဆံပုံက မဟုတ်သေးဘူး နော်''

''အေးလေ၊ ကားပျက်လို့ အကြိုနောက်ကျသွားတာနဲ့ ဒီလောက်အ ထိကောက်တာ မဖြစ်သင့် ဘူး၊ တကယ်ဆို ချော့ချင်းချော့ မင်းကိုတော င် သူက ချော့ရမှာ ''

သူ့ဘက်ကနာပြီး မမကိုပဲ ဒီကောင်တွေ အပြစ်တင်နေတော့ ကြား ထဲက မခံနိုင်ဖြစ်လာသော သူ ငြိမ်မနေနိုင်တော့ပါ။

''မင်းတို့ ကလည်း ဘာမှ မသိဘဲနဲ့ လျှောက်ပြောနေပြီ၊ မမက စိတ်မ ကောက်တတ်ပါဘူး၊ အခုဟာက ငါ မမှားသင့်တဲ့ အမှား မှားသွားတာ၊ တကယ်ဆို ကားပြင်နေတာမစောင့်ဘဲ မမကို မဖြစ်ဖြစ်တဲ့ နည်းနဲ့ သွားကြိုသင့်တာ၊ ငါ့ကိုယ်က အသုံးမကျတာ''

''ကြည့်၊ မင်းဘက်က နာလို့ ပြောတာကိုပဲ မင်းက မဆီမဆိုင် ဟိုဘ က်က နာနေသေးတယ်''

နေရန် မကျေနပ်သလိုပြောသည် ။ စိုးမိုးကလည်း တစ်ခွန်းမခံဘဲ ထပ်ပြောသေးသည် ။

'' မင်း အဲဒီလို အလျှော့ပေးနေ စေရာ၊ ဟိုက မင်းကို အမြဲတမ်း အနို င်ယူသွားလိမ့်မယ်''

''ငါ မမကို သိပ်ချစ်တယ်''

''သေလိုက်၊ ချစ်တာတော့ ချစ်ပေ့ါ၊ ဒါပေမဲ့ ကိုယ်ချစ်တာကို အရမ်းမပြရဘူးကွ၊ ဟို ဗိုလ်ထီး သီချင်းထဲကလိုပေ့ါ၊ ချစ်တာကိုသိပ်ပြမိရင် ကိုယ်ပဲ အမြဲအနိုင်ယူခံရမယ်''

စိုးမိုးပြောသလို သူ မမကို အရှုံးပေးနေမိပြီလား။ ဒါကြောင့် မမက အနိုင်ယူလွန်းနေတာ လား။ တကယ်ဆို သူနဲ့ မမကြားမှာ ချစ်သူတို့ ရဲ့ ခင်မင်ကျွမ်းဝင်မှုမျိုး မပိုင်ဆိုင်ခဲ့ဖူးတာတော့ သေချာ သည် ။

ရိုးသားစွာဝန်ခံရလျှင် ပင်တိုင်စံဆိုသော မမကို သူ တစ်ခါမြင်လိုက်ရုံနှင့် ရင်ခုန်လှုပ်ခတ်ခဲ့ တာ ကိုယ်တိုင်ပဲ အသိဆုံး။ ထိုစဉ်တုန်းက မမ သည် လည်း သူ့ကို ရီဝေညို့ငင်သောမျက်ဝန်းတွေနှင့် ကြည့်ခဲ့ဖူးသည် ။

သည့် နောက်ပိုင်းမှာ တော့ မမရဲ့ အနောက်မှာ သူ အရိပ်လေးလိုရှိခဲ့သော ကာလတွေ။ ပြီးတော့ မမကိုချဉ်းကပ်စကားပြောခွင့်ရဖို့ မဝံ့မရဲဖြစ်နေခဲ့တာတွေ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

''စေရာ''

''ဘာလဲဟင် စိုးမိုး''

''မင်းစိတ်က ဘယ်ရောက်သွားပြန်တာလဲ၊ ဒီလောက် အနားကပ်ထိုင်မေးတာတောင် မကြား ဘူးလား''

''ဆောရီးကွာ၊ ငါအတွေးလွန်သွားလို့ ''

စိုးမိုး သူ့ကိုကြည့်ကာ ပခုံးတွန့် ခေါင်းခါသည် ။ နေရန့်ကိုလည်း တစ်ချက်လှမ်းကြည့်ပြီး သူ့ကို မေးဆတ်ပြနေသေး၏။

''ဒီကောင့်ရောဂါက ကြာရင်မလွယ်ဘူး စိုးမိုးရေ၊ ဆုပ်လည်း ဆူး

စားလည်း ရှုးဆိုတာ ဒါမျိုး ဖြစ်မယ်''

နေရန်က မညာမတာဘဲ ဝေဖန်ပြန်သည် ။ ဟုတ်တော့လည်း ဟုတ်သည် ။ သူငယ်ချင်းတွေနှင့် တစ်ဝိုင်းတည်းထိုင်နေရင်းက သူ့စိတ်တွေက အာရုံလွင့်သွားတာ ဆိုးသည် ။

မမသည် အဲဒီလောက်တောင် သူ့ကို စိုးမိုးပိုင်စားနိုင်တာ ဖြစ်၏။

''ငါမေးတာက မင်းမမက မင်းကို တကယ်ချစ်တာရော ဟုတ်ရဲ့လားလို့ ''

''ဟင်''

စိုးမိုးအမေးစကားက ရင်ထဲအထိ ထိရှစေသည် ။ သူ မျက်နှာပျက်သွားသလို ရင်ထဲမှာ လည်း နင့်နင့်သီးသီး ခံစားရ၏။

''ဟုတ်တယ်လေကွာ၊ အခုပဲကြည့် မင်းနဲ့ ခွဲနေရတာ နှစ်လလောက်ကြာတယ်၊ ဖုန်းနဲ့ တောင် ဆက်သွယ်ခွင့်လည်း မရှိခဲ့ဘူး၊ အခုပြန်ရောက်တော့လည်း မင်းရဲ့ ဘာမဟုတ်တဲ့ ပြစ်ချက်လေးကို အကြောင်းပြပြီး တစ်ပတ်တွေ့ခွင့်မပေးဘူးဆိုတာက ခံပြင်းစရာကောင်းနေတယ်''

''မမက ဒီသဘောမျိုးမဟုတ်ပါဘူးကွာ၊ ဟို မမက အနေတည်တယ်၊ ကတိကို တန်ဖိုးထား တယ်၊ ငါ့လုပ်ရပ်ကို ခွင့်မလွှတ်နိုင်တာ ငါနားလည်ပေးနိုင်တယ်''

စိုးမိုးမေးသောမေးခွန်းနှင့် သူ ကာကွယ်ဖြေရှင်းမိသော စကားတွေက အဖြေမဟုတ်တာ သိသည် ။ ဒါပေမဲ့ သူ ကသောကမျော ဖြေရှင်းပြမိ၏။

''ဘာလဲ မင်းဆိုလိုတာက မင်းမမက မင်းကို လက်ထပ်ဖို့ ခေါင်းညိ

တ်ထားတာမို့ ဘယ်တော့ မှ မလွဲနိုင်ဘူးလို့ ဆိုလိုတာလား''

''အင်း ငါယုံတယ်၊ မမက ငါ့ကို မကြည်ဖြူဘဲ လူကြီးတွေစကားကို လက်ခံမယ့်သူ မဟုတ်ဘူး လေ၊ မမရဲ့ အခြေအနေ အရည်အချင်းနဲ့ စိတ်ဓာတ်ကို ငါသိနေတာပဲဟာ''

''ငါတို့ လည်း သိပါတယ်၊ ဒေါ်ပင်တိုင်စံဆိုတာ စီးပွားရေးလောကမှာ အောင်မြင်ထင်ရှားတဲ့ မိန်းမဆိုတာ၊ အခု မင်းကို လက်ထပ်မယ့်ကိစ္စမှာ လည်း သူ စီးပွားရေးနည်းဗျူဟာတွေနဲ့ စီမံကိန်းချ နေသလား တွေးနေတာ''

''နေရန်ပြောတာ မှန်တယ်၊ ပင်တိုင်စံနဲ့ သာ မင်း လက်ထပ်ဖြစ်ရင်တော့ မင်းဘဝက သူ့ရဲ့ သံပတ်ပေး စက်ရုပ်ဘဝဖြစ်မှာ သေချာတယ်''

''ဟုတ်ပ့ါ၊ အခုကတည်းက ဒီကောင့်ကို ခေါက်ရိုးကျိုးအောင် ပုံသွင်းနေတာလေ၊ ဟား မင်းအစား ငါတို့ တော့ ရင်မောတယ် စေရာ''

သူငယ်ချင်းတွေကတော့ သူနှင့် မမအကြောင်းကို ကောက်ချက်ချဝေဖန်ကြသည် ။ ဒါပေမဲ့ သူ မမအပေါ်မှာ အပြစ်မမြင်သလို ချစ်ခြင်းတို့ လည်း လျော့ပါးမသွားတာ သေချာသည် ။

မမအနားမှာ သံပတ်ပေးစက်ရုပ်လေးလို နေခွင့်ရမည်ဆိုလည်း အဲဒီဘဝလေးကို သူ ကျေနပ်မှာ ပဲ ဖြစ်သည် ။

ဒါ မမကို သိပ်ချစ်တာကြောင့် ပဲ ဖြစ်သည် ။ သူငယ်ချင်းတွေနားမလည်ချင်နေပါစေ။

သူ့အချစ်ကို မမ နားလည်ရင် ကျေနပ်ပြီ။